## ဒီဗွီဘီ

၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄

# နအဖ အကျဉ်းထောင်အတွင်း ပညာရေးဝတ်မှတ်နေသည့် ရာနှင့်ချီသော ကလေးနိုင်ငံရေးအကျဉ်းသားများ

မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)

နိုင်ငံရေးလှုပ်ရှားမှုကြောင့် အာဏာပိုင်များ၏ထောင်ဒဏ်အပြစ်ပေးခံရသူများထဲတွင် အသက်(၁၈)နှစ် မပြည့်သေး သည့် ကျောင်းသားလူငယ်များလည်း အပါအဝင်ဖြစ်သည်။ (၁၉၈၈)ခုနှစ် နောက်ပိုင်း ပညာသင်တပိုင်းတစနှင့် ထောင်ထဲ ရောက်ခဲ့ရသည့် ကျောင်းသားများ အများအပြားရှိခဲ့သည်။ကျောင်းသားလူငယ်များကို နအဖက ထောင်ထဲပို့နေခြင်းသည် ၎င်းတို့၏ဘဝတိုးတက်မှု တက်လမ်းကိုရိုက်ချိုးပစ်လိုက်ခြင်းဖြစ်သည်။ ထိုအကြောင်းများနှင့်ပတ်သက်ပြီး အခြေခံပညာ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တဦးလည်းဖြစ်၊ အသက်(၁၄)နှစ် အရွယ်ကစပြီး ထောင်(၂)ကြိမ်ချခံခဲ့ရဖူးသူ နိုင်ငံရေး အကျဉ်းသားဟောင်း မောင်ငြိမ်းအေးကို ဆက်သွယ်မေးမြန်းခဲ့သည်။

"(၈၉)ခုနှစ် အခြေခံပညာကျောင်းသားများသမဂ္ဂမှာ (၁/၈၉)ထုတ်ပြန်ကြေညာချက်နဲ့ ထောင်ဒဏ် (၃)နှစ်ကို အမှတ်(၃)စစ်ခုံရုံးရဲ့အပြစ်ပေးခြင်းခံခဲ့ရတယ်။ (၈)တန်းကျောင်းသားဘဝပဲ ရှိသေးတယ်။(၁၄)နှစ်ပဲ ရှိသေးတာပေါ့။ အင်းစိန် ထောင်မှာ (၃)လလောက်နေပြီးတော့ သာယာဝတီထောင်ကို ပြောင်းရွှေ့ခံရတယ်။ သာယာဝတီထောင်ကပဲ (၁၉၉၂) ခုနှစ်မှာ ကျနော် ပြန်လွတ်လာခဲ့တယ်"

အသက်(၁၄)နှစ်မှစ၍ (၂)ကြိမ်ထောင်ကျခဲ့ပြီး အင်းစိန်၊ သာယာဝတီ၊ မြင်းခြံထောင်များတွင်နေထိုင်ခဲ့ဖူးပြီး ၎င်းကို အမိန့်မချခင်အထိ အသက်မပြည့်သေးသဖြင့် ထောင်ကျမည်ဟု မထင်ခဲ့ကြောင်းကိုလည်း ...

"စစ်ခုံရုံးကို တင်လိုက်တယ်ပေါ့ဗျာ။ ကျနော့်ကိုယ်ကျနော် အဲဒီအချိန်အထိ ထောင်ကျလိမ့်မယ်လို့ မမျှော်လင့် ထားဘူး။ ဘာလို့လဲဆိုတော့ ကျနော်က အသက်(၁၈)နှစ် မပြည့်သေးလို့ပေါ့။ အပြင်မှာရှိနေတဲ့လူတွေကလည်း ကျနော့်ကို ပြန်လွတ်လာလိမ့်မယ်လို့ ထင်ကြတယ်။ နောက်တချက်က ထောင် မချဘူးဆိုရင် လူငယ်ထိန်းသိမ်းရေးကျောင်းပေါ့။ အဲလောက်ထိပဲ လုပ်လိမ့်မယ်လို့ထင်ထားပေမယ့် ချလိုက်တယ်"

တချိန်တည်းမှာပင် မောင်ငြိမ်းအေးနှင့်အတူထောင်ကျခဲ့သည့် အသက်မပြည့်သူ ကလေးအကျဉ်းသားရာနှင့်ချီ ရှိခဲ့ သည်။ (၁၉၉၀)စစ်တပ်ကို သပိတ်မှောက် ကံဆောင်ခဲ့သောကြောင့် ကျောင်းတိုက်ကြီးတခုလုံး ဖမ်းဆီးခဲ့ရာ သာမဏေ အပါး (၁၀၀)ခန့် ထောင်ကျခဲ့ကြောင်း သိရသည်။ အသက်မပြည့်ဘဲထောင်ထဲရောက်ခဲ့ရသူများ၏ အခက်အခဲကို ...

"ငယ်ရွယ်တဲ့အချိန်မှာတော့ မိဘနဲ့ခွဲရတဲ့ ခံစားမှုမျိုး၊ (၈)တန်း တက်နေဆဲအချိန်ဆိုတော့ သင်ကြားပေးခဲ့တဲ့ ဆရာ/ ဆရာမတွေနဲ့ သူငယ်တန်းကနေ (၈)တန်းအထိ အတူတက်ခဲ့တဲ့ သူငယ်ချင်းတွေကို သတိရတာမျိုးတွေပေါ့။ ထောင် အာဏာပိုင်တွေရဲ့ လူ မဆန်တဲ့ဆက်ဆံရေးမျိုးတွေ။ အင်းစိန်ထောင်တိုက်ထဲမှာ ပထမဆုံးနေရတယ်။ အဆောင်ရောက်တဲ့ အချိန်မှာ ကျနော်နဲ့သက်တူရွယ်တူ အထက်တန်း၊အလယ်တန်းကျောင်းသားတွေနဲ့ အတူတူနေရတယ်"

ကလေးအကျဉ်းသားများကို သာယာဝတီထောင်သို့ ပြောင်းရွှေ့ပြီးနောက် သံချောကျင်းခတ် အလုပ်ခိုင်းစေခဲ့သည့် အတွက် အစာငတ်ခံဆန္ဒပြ ခဲ့ကြသည်ကိုလည်း ...

"သံချောကျင်းတွေကို အစပိုင်းက တယောက်စီခတ်တယ်။ နောက်ပိုင်း မနိုင်တဲ့အခါ နှစ်ယောက်တတွဲ ခတ်ပြီးတော့ သာယာဝတီထောင်ကိုပြောင်းတယ်။အလုပ်ခိုင်းတယ်။ ခိုင်းတဲ့အခါ အလုပ် မလုပ်ဘူး။ ဒအလုပ်ကိုဆန့်ကျင့်လို့၊ အစာ ငတ်ခံဆန္ဒပြလို့ (၉၀)ကျော် တိုက်ပိတ်ခြင်းကိုခံခဲ့ရတယ်။ရာဘာတုတ်တွေနဲ့ရိုက်ပြီး တိုက်ပိတ်တယ်။ အဲဒီအထဲမှာ ကျနော် အပါအဝင် မြို့နယ်အသီးသီးက လူငယ်ကျောင်းသား(၃၀)နီးပါးလောက် ရှိမယ်။ သူတို့ကလည်း ကိုးတန်း၊ဆယ်တန်း အရွယ်မျိုးတွေချည်းပဲ"

အသက်မပြည့်ဘဲ အဖမ်းခံခဲ့ရသူများမှာ ထောင်ထဲ၌ နှစ်ကြာလာသည်နှင့်အမျှ အသက်ကြီးလာခဲ့ပြီဖြစ်သော်လည်း ယခုထိ မလွတ်မြောက်သေးသူ(၃၀)ခန့် ရှိနေသေးသည်။ နအဖက အသက်မပြည့်သူများကို ထောင်မချဘဲ ၄က်အော်စမ်း ထိန်းသိမ်းရေးစခန်းကို ပို့ခြင်းများလည်းရှိသည်။ မေ(၃၀)ဒီပဲယင်း အရေးအခင်းပါ မောင်ချမ်းသာကျော်၊ အသက်(၁၅)နှစ် ကို ၄က်အော်စမ်းစခန်း ပို့ပစ်ခဲ့၍ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်လက် တက်ရောက်ခွင့်မရတော့ပေ။ အသက် မပြည့်ဘဲ ထောင်ကျခဲ့ရသူများ၏ အဓိကဆုံးရှုံးမှုမှာ ပညာရေးဖြစ်ပြီး ထောင်ကျကျောင်းသားများမှာ ပညာတတ်ချင်လွန်း သဖြင့် ထောင်အာဏာပိုင်များ အလစ် စာခိုးသင်ကြပုံကိုမောင်ငြိမ်းအေးက ယခုလိုပြောဆိုသည်။

"ထောင်ထဲမှာ ပညာသင်ကြားမှုအပိုင်းမှာ ခွင့်ပြုမိန့်မပေးဘူး။ အဲဒီတော့ ကိုယ့်ထက်တတ်တဲ့၊ နားလည်တဲ့လူကြီးတွေ ဆီကနေ ပြန်ပြီးလေ့လာတာတွေ၊ နံရံမှာ ထုံးသုတ်စာရေးပြီးတော့ သင်ရတဲ့အခါမျိုးတွေရှိတယ်။ ပြီးတော့ ပလက်စတစ်မှာ စာရေးပြီး သိမ်းထားရတာမျိုးတွေ သင်ကြရတယ်"